MILWAUKEE PUBLIC SCHOOLS

ဆေးဝါး/လုပ်ငန်းစဉ် ခွင့်ပြုချက်

ကျောင်းသား၏အမည် - ID#: မွေးဖွားသည့်ရက်စွဲ -

_____ _____ _____

ကျောင်း - အတန်း -

_____ _____

ဆေးစစ်တမ်း 1 - _____ ဆေးစစ်တမ်း 2 - _____

မိဘ၏ခွင့်ပြုချက်

ကျွန်ုပ်၏ကလေး၊ _____၊ သည် သူ/သူမ၏ ဆေးဘက်ဆိုင်ရာ ပံ့ပိုးပေးသူမှ စီစဉ်သတ်မှတ်ကာ ညွှန်ပြထားသည့် ဆေးညွှန်းပေးထားသော ဆေးဝါး(များ) သို့မဟုတ် လုပ်ငန်းစဉ်များကို လက်ခံရရှိရန် တောင်းဆိုပါသည်။

ကျွန်ုပ်သည် ဆေးရောင်းသူထံမှ တံဆိပ်ကပ်ထားသည့်ဘူးတွင် ဆေးညွှန်းပေးထားသည့် ဆေးဝါး(များ) ကို ထည့်ကာ ကျောင်းသို့ယူဆောင်လာရန် တာဝန်ရှိပါသည်။ ကျောင်းတွင် လုံလောက်သည့် ဆေးဝါး(များ) ပမာဏနှင့်/သို့မဟုတ် ပံ့ပိုးမှုများကို ထိန်းသိမ်းထားရန်အတွက် တာဝန်ရှိကြောင်းကိုလည်း ကျွန်ုပ်အနေဖြင့် နားလည်သဘောပေါက်ပါသည်။ထိုသို့လုပ်ရန် ပျက်ကွက်ခြင်းသည် ကျွန်ုပ်၏ကလေးအတွက် ဆေးဝါးစီမံခန့်ခွဲခြင်း/ဆေးဘက်ဆိုင်ရာလုပ်ငန်းစဉ်ကို အနှောက်အယှက်ဖြစ်ခြင်း သို့မဟုတ် ရပ်တန့်စေခြင်းတို့ ဖြစ်စေမည်။ ကျွန်ုပ်၏ကလေးသည် ဆေးညွှန်းပေးထားသည့်ဆေးဝါး(များ) ကို သောက်ရန် ငြင်းဆိုခဲ့ပါက သို့မဟုတ် လုပ်ငန်းစဉ် (များ) ကို ခွင့်ပြုရန် ငြင်းဆိုခဲ့ပါက ကျွန်ုပ်၏ကလေး လိုက်နာလာစေရန် ကျောင်းအမှုထမ်းမှ တွန်းအားပေးမှု ပြုလုပ်မည် မဟုတ်ကြောင်းကို ကျွန်ုပ်အနေဖြင့် နားလည်သဘောပေါက်ပါသည်။

ကျောင်းအမှုထမ်းအား ဆေးဝါး (များ) နှင့်/သို့မဟုတ် ဆေးညွှန်းပေးထားသည့် လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးပေးသူဖြင့် ဆက်သွယ်၊ ဆက်ဆံရန် ခွင့်ပြုထားပါသည်။ ကျွန်ုပ်၏ခွင့်ပြုချက်အား အချိန်မရွေး ဖျက်သိမ်းနိုင်ပါသည်။

ဤပုံစံကို ဖတ်ရှုပြီးဖြစ်ကာ ဆေးဝါးများနှင့်လုပ်ငန်းစဉ်များကို စီမံခန့်ခွဲခြင်း မိတ္တူအား ရပိုင်ခွင့်များ၊ တာဝန်များနှင့် စည်းမျဉ်းဆိုင်ရာ မိဘ/ကျောင်းသား လက်စွဲစာအုပ်တွင် ရှာတွေ့နိုင်သည်ကို သိရှိကြောင်း ကျွန်ုပ်၏လက်မှတ်ဖြင့် ဟုတ်မှန်ကြောင်း အသိအမှတ်ပြုပါသည်။

_____ _____ _____

မိဘ/တရားဝင်အုပ်ထိန်းသူ၏ လက်မှတ် ဖုန်းနံပါတ် ရက်စွဲ - (လ/ရက်/နှစ်)

ကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးပေးသူ၏ ခွင့်ပြုချက် -

ကျွန်ုပ်သည် ကျောင်းတွင် စီမံခန့်ခွဲမည့် သို့မဟုတ် လုပ်ဆောင်မည့် အထက်ပါကျောင်းသားအတွက် ဖော်ပြပါ ဆေးဝါးနှင့် လုပ်ငန်းစဉ်များကို ညွှန်ကြားပေးပါသည်။

နေ့စဉ်

နေ့စဉ်သောက်ရသည့်ဆေးအမည် (အမျိုးအစားနှင့် ကုန်သွယ်မှုအမည်)	ဆေးသောက်ရမည့် ပမာဏ/ အကြိမ်အရေအတွက်	အချိန် (များ) (မနက်/ည) -	စတင်မှု ရက်စွဲ	ရပ်ဆိုင်းမှု ရက်စွဲ	ဖြစ်နိုင်သည့် တန်ပြန်မှု ဘေးထွက်ဆိုးကျိုး သို့မဟုတ် အန္တရာယ်ဖြစ်နိုင်ခြင်းကြောင့် တားမြစ်ခြင်းများ -

MILWAUKEE PUBLIC SCHOOLS

PRN

PRN ဆေးဝါး၏အမည် (အမျိုးအစားနှင့် ကုန်သွယ်မှုအမည်)	ဆေးသောက်ရမည့် ပမာဏ/ အကြိမ်အရေအတွက်	အချိန်(များ) (မနက်/ည) -	စတင်သည့်ရက်စွဲ	ရပ်ဆိုင်းသည့်ရက်စွဲ	ဖြစ်နိုင်သည့် တန်ပြန်မှု ဘေးထွက်ဆိုးကျိုး သို့မဟုတ် အန္တရာယ်ဖြစ်နိုင်ခြင်းကြောင့် တားမြစ်ခြင်းများ -

လုပ်ငန်းစဉ်များ

လုပ်ငန်းစဉ်အမည် (CIC၊ ဂလူးကိုစ်စစ်ဆေးမှုများ၊ စုပ်ယူခြင်း၊ စသည်ဖြင့်) -	ဆေးသောက်ရမည့် ပမာဏ/ အကြိမ်အရေအတွက်	အချိန် (များ) (မနက်/ည) -	စတင်မှုရက်စွဲ	ရပ်ဆိုင်းသည့် ရက်စွဲ	ဆောင့်ကြည့်သည့်ပါရာမီတာများ

အထက်ပါညွှန်ကြားချက်များသည် အချိန်မကုန်မီတွင် မိဘ/အုပ်ထိန်းမှ စာဖြင့်ရေးသားကာ ရပ်ဆိုင်းခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ရုတ်သိမ်းခြင်း မပြုလျှင် ဆေးဘက်ဆိုင်ရာပံ့ပိုးပေးသူ၏ လက်မှတ်ထိုးပေးလိုက်သည့်နေ့မှ တစ်နှစ်တိတိ အကျုံးဝင်မည်။

ဆေးဘက်ဆိုင်ရာပံ့ပိုးပေးသူ၏ လက်မှတ် | တယ်လီဖုန်း/ဖက်စ်နံပါတ် | ရက်စွဲ - (လ/ရက်/နှစ်)

ဆေးဘက်ဆိုင်ရာပံ့ပိုးပေးသူ၏ တရားဝင်အမည် | ဆေးဘက်ဆိုင်ရာပံ့ပိုးပေးသူ၏ လိပ်စာ

ကျောင်းတွင် ဆေးဝါးစီမံခန့်ခွဲခြင်းအတွက် မိဘ၏ တာဝန်ဝတ္တရားများ

ဖြစ်နိုင်သည့်အခါတိုင်း ဆေးညွှန်းပေးထားသည့် ဆေးဝါးများကို မိဘ/အုပ်ထိန်းသူမှ ကျောင်းတက်သည့်ကာလအတွက် အိမ်တွင် စီမံခန့်ခွဲပေးသင့်ပါသည်။ ကျောင်းတက်သည့်နေ့အတွင်း ဆေးညွှန်းပေးထားသည့် ဆေးဝါးများကို စီမံခန့်ခွဲရန် လိုအပ်လာပါက ကျောင်းအုပ်ကြီးနှင့်/သို့မဟုတ် ကျောင်းအုပ်ကြီးက စာရေးသားကာ သတ်မှတ်ပေးထားသည့် အခြားသူများသည် ဖော်ပြပါ အခြေအနေများ ဖြစ်ပေါ်ခြင်းအောက်တွင် ကျောင်းသားများအတွက် ဆေးညွှန်းပေးထားသည့် ဆေးဝါးများကို စီမံခန့်ခွဲပေးမည်။

1. ညွှန်ကြားထားသည့် ကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးပေးသူမှ *ဆေးဝါး/လုပ်ငန်းစဉ် ခွင့်ပြုချက်* ပုံစံကို ပြီးမြောက်ခြင်း မရှိသေးဘဲ ကျောင်းထဲ တင်ပြခြင်းမရှိသေးပါက မည်သည့် Milwaukee Public Schools အမှုထမ်းကမှ ကျောင်းသားအတွက် ဆေးညွှန်းပေးထားသည့် ဆေးဝါးများကို စီမံခန့်ခွဲပေးမည် မဟုတ်ပါ။ ဤအချက်နှင့်ပတ်သက်သည့် တစ်ခုတည်းသော ခြွင်းချက်မှာ MPS ပြုစုစောင့်ရှောက်ခြင်း လုပ်ထုံးလုပ်နည်း တစ်ခုစီမှ စီမံခန့်ခွဲထားသည့် အရေးပေါ် ဆေးဝါး Epinephrine အတွက် ဖြစ်ပါသည်။

2. *ဆေးဝါး/လုပ်ငန်းစဉ် ခွင့်ပြုချက်* ပုံစံအတွက် လိုအပ်သည်မှာ -
   - ကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးပေးသူမှ လက်မှတ်ရေးထိုးထားသည့် ဆေးဝါးစီမံခန့်ခွဲခြင်းအတွက် ရှင်းလင်းစွာ ရေးသားထားသော ညွှန်ကြားချက်များ
   - ဆေးဝါးကို စီမံခန့်ခွဲရမည့် ကျောင်းတက်သည့်နေ့အတွင်း အချိန်
   - ဆေးသောက်သုံးရမည့်ပမာဏ
   - မိဘ/အုပ်ထိန်းသူ လက်မှတ်ထိုးထားသည့် သဘောတူခွင့်ပြုချက်

3. *ဆေးဝါး/လုပ်ငန်းစဉ် ခွင့်ပြုချက်* ပုံစံကို ပုံမှန်ကျောင်းတက်ချိန် အတောအတွင်း ကျောင်းရုံးခန်းတွင် ရရှိနိုင်ပါသည်။ *ဆေးဝါး/လုပ်ငန်းစဉ် ခွင့်ပြုချက်* ပုံစံကို ပြည့်စုံအောင်ဖြည့်စွက်ကာ ဆေးဝါးတစ်စုံတစ်ရာကို ကျောင်းတွင် ကျောင်းသားအတွက် စီမံခန့်ခွဲခြင်း မပြုမီ၌ ကျောင်းသို့ တင်ပြရန်မှာ မိဘ/အုပ်ထိန်းသူ၏ တာဝန်ဝတ္တရားဖြစ်ပါသည်။ ပုံစံကို MPS ဝဘ်ဆိုက်တွင်လည်း ရရှိနိုင်ပါသည်၊ "ဆေးဝါး/လုပ်ငန်းစဉ် ခွင့်ပြုချက်ပုံစံ" ကို ရှာဖွေပါ

4. *ဆေးဝါး/လုပ်ငန်းစဉ် ခွင့်ပြုချက်* ပုံစံသည် အချိန်မကုန်မီမိဘ/အုပ်ထိန်းမှ စာဖြင့်ရေးသားကာ ရပ်ဆိုင်းခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ရုတ်သိမ်းခြင်း မပြုလျှင် ဆေးဘက်ဆိုင်ရာပံ့ပိုးပေးသူ၏ လက်မှတ်ထိုးပေးလိုက်သည့်နေ့မှ တစ်နှစ်တိတိ အကျိုးသက်ရောက်မည်။

5. ဆေးဝါး၊ ထိုးဆေးပမာဏ၊ သို့မဟုတ် စီမံခန့်ခွဲရမည့်အချိန်တွင် ပြောင်းလဲမှုရှိခဲ့ပါက သင်သည် *ဆေးဝါး/လုပ်ငန်းစဉ် ခွင့်ပြုချက်* ပုံစံအသစ်ကို ရယူကာ ကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးပေးသူမှ ဖြည့်စွက်ပြီး ကျောင်းထံ တင်ပြရမည်။ စီမံခန့်ခွဲသည့် ဆေးသောက်ရမည့်ပမာဏတွင် ပြောင်းလဲမှုမရှိပါက သင့်လျော်သည့် ခွင့်ပြုထားသောပုံစံများ မပါရှိဘဲ ခွင့်ပြုနိုင်ပါသည်။

6. ဆေးဝါးအားလုံးကို ကျောင်းသို့ မိဘ/အုပ်ထိန်းသူမှ ယူဆောင်လာရပါမည်။ ဆေးညွှန်းပေးထားသည့်ဆေးဝါး (များ) ကို ဆေးဆိုင်မှ တံဆိပ်ကပ်ထားသည့် ဘူးတွင် ထည့်ထားကာ ကျောင်းသား၊ ဆေးဝါးနှင့် ဆေးသောက်ရမည့်ပမာဏကို ရှင်းလင်းစွာ ဖော်ပြထားရမည်။ ကောင်တာတွင် ဝယ်ယူရရှိနိုင်သည့် ဆေးဝါး (များ) ကို မူလဆေးဝါးထုတ်လုပ်သူ၏ ဘူးထဲတွင် ထည့်ထားရပါမည်။ ထိန်းချုပ်ထားသည့်အရာကို ကျောင်းသို့ယူလာသည့်အခါ ဆေးအရေအတွက်ကို စစ်ဆေးကာ ဆေးဝါး စီမံခန့်ခွဲမှု မှတ်တမ်း (MAR) ၏ နောက်ကျောဘက်တွင် ကျောင်း စီမံခန့်ခွဲသူ သို့မဟုတ် အခြားဝန်ထမ်းမှ ပူးတွဲလက်မှတ်ရေးထိုးပေးသင့်ပါသည်။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည်လည်း ရေတွက်စစ်ဆေးကာ MAR ကျောဘက်တွင် လက်မှတ်ရေးထိုးရပါမည်။

7. ဆေးညွှန်းပေးထားသည့်ဆေးဝါးကို ရပ်လိုက်သည့်အခါ ကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးပေးသူထံ "ဆေးဝါးရပ်ဆိုင်းခြင်းခွင့်ပြုချက်" ပုံစံကို ဖက်စ်ဖြင့် ပြန်ပို့ပေးရမည့် ကျောင်းအုပ်ကြီး သို့မဟုတ် သတ်မှတ်ထားသူ (သူနာပြုကဲ့သို့သော) ထံ အသိပေးရန်မှာ မိဘ၏ တာဝန်ဖြစ်ပါသည်။